# ကျွန်တော်၏ လူမိသွားသော ရည်းစားစာများ

နှင့်

## အခြား ဟာသပုံပြင်များ

ဒေါက်တာထွန်းဝင်း



# စာရေးသူ၏ အမှာ

ဟာသဆိုသည်မှာ ပေါ့ပျက်ပျက် မဟုတ်ပါ။ ဘိုးတော် ဘုရင်ကြီးလက်ထက်လွှတ်တော်ဝန်ကြီးအဆင့်ရှိ အမတ်ကြီးဦးပေါ်ဦး သည် ဟာသကစကားများကို ဘုရင့်ကိုလျှောက်တင်၍ ဘုရင်ကို ဒေါသမထွက်စေဘဲ ဘုရင်၏စီမံခန့်ခွဲမှုများကို ကောင်းမွန်အောင် အကြံပြုခဲ့သည်။

မင်းတုန်းမင်းလက်ထက်က ဗန်းမော်ဆရာတော် ဘုရားကြီး ဟာသစာပေ၊ ဟာသကဗျာရေးခဲ့သည်။ အဂ္ဂါဇာဆရာတော်ဘုရား ကြီးသည် တရားဟောရာ၌ မှတ်သားရလွယ်ရန် ဟာသဥပမာများ ပေးခဲ့သည်။ ကျွန်တော်တို့အား ဆေးပညာသင်ပေးခဲ့သော ပါမောက္ခ ဆရာဝန်ကြီးအချို့သည် မှတ်သားရလွယ်ရန်ဟာသဖြင့် ဥပမာပေး ခဲ့ဘူးသည် ဥပမာ-လူနာတွေကို ရောဂါပျောက်မယ်လို့ ရာနှုန်းပြည့် အာမခံရဘူး။ ငါတို့တွေဟာယ ဇီဝကမဟုတ်ဘူးလို့ဆုံးမအပြီးမှာ ဟာသပုံပြင်ပြောပြသည်။

တစ်ခါတုန်းက အပိုကြီးတစ်ယောက်သည် ဘယ်တော့ ယောကျ်ားရမလဲ ဗေဒင်မေးရာဗေဒင်ဆရာက (၆)လအတွင်း ယောကျ်ားရမယ်။ အာမခံသည်။ (၆)လအတွင်းလင်မရရင် ဗေဒင် ဆရာ၏တာဝန်ဖြစ်သည်ဟု အာမခံခဲ့ရာ (၆)လပြည့်သော်အပိုကြီး က လင်မရသေး၍ ဗေဒင်ဆရာက အပိုကြီးကိုယူလိုက်ရသည်။ ဒီတော့မင်းကိုလည်း အာမခံတာလွန်ကဲရင် ဗေဒင်ဆရာလိုဖြစ်နေ မယ်ဟု ဟာသပုံပြင်ပြောပြရာ ကျွန်တော်တို့တသက်လုံးမမေ့တော့ပါ။

ကမ္ဘာကျော်ရီးဒါးဒိုင်ဂျက်မဂ္ဂဇင်းမှာလည်း ဟာသအတို အတွာလေးတွေထည့်ပေးရပါသည်။ အမေရိကန်သမ္မတဟောင်းများ မဲဆွယ်သည့်အခါ ဟာသပုံပြင်များပြောလေ့ရှိပါသည်။

ဟာသသည် စိတ်ဖိစီးမှု (STRESS) ကို လျော့စေသည်။ ထိုကြောင့်

ဟာသသည် စိတ်ဖိစီးမှုကြောင့်ဖြစ်သော သွေးတိုးကဲ့သို့ ရောဂါကိုသက်သာစေ၏။

ဤဟာသစာအုပ်ကိုဖတ်ပြီး လူအချို့သွေးတိုးရောဂါ သက်သာမည်ဟု ကျွန်တော်ယုံကြည်သည်။ ဒါကြောင့် ဤစာအုပ်ကို ရေးခြင်းသည် ဆေးကုပေးခြင်းတစ်မျိုးဘဲဖြစ်သည်။ ဒါကြောင့် ဆရာဝန်တစ်ယောက်၏ အလုပ်ကို ကျွန်တော်လုပ်လိုက်သည်ဟု ကျွန်တော်ခံယူလိုက်သည်။

ဒေါက်တာထွန်းဝင်း

***

## ၁။ လူမှားပေးမိတဲ့ရည်းစားစာ (သို့မဟုတ်) နိုင်ငံခြားသား တစ်ယောက်ရဲ့ကဗျာ

တစ်ခါတုန်းက အာဆီယံနိုင်ငံတစ်ခု၏ JNGO ရုံးခန်း၌ဖြစ် ပါသည်။ ဌာနကိုယ်စားလှယ် (နိုင်ငံခြားသား) မစ္စမီချိကိုအီတိုနှင့် အမျိုးသားစီမံကိန်းအရာရှိ ဒေါက်တာဒါစ်တို့သည် အလုပ်များနေကြ ၏။ သူတို့ JNGO က ယခုမှစ၍ ၎င်းနိုင်ငံသို့ လာရောက်လုပ်ကိုင်တာ ဖြစ်ပါသည်။ ဝန်ထမ်း တွေလဲ မခန့်ရသေးပါ။ လောလောဆယ်ဆယ် ဝန်ထမ်းမှာ MS.Michik Jto နှင့် Dr.Das နှစ်ယောက်ထဲဖြစ်ပါ၏။ တဖြည်းဖြည်းမှ မြို့နယ်မြို့များတွင် စီမံကိန်းရုံးခွဲများဖွင့်ပြီး ဝန်ထမ်း တွေ ထပ်မံခန့်ထားရပါမည်။ လောလောဆယ်တော့ ၎င်း Country office အတွက် Admin Manager ရာထူးတစ်နေရာခန့်ရန် အရေးပေါ်လိုနေပါသည်။ လျှောက်ထားသော လျှောက်လွှာများကို Short list လုပ်၍ အင်တာဗျူး ပြီးပြီ။ နောက်ဆုံးစကားစတင်သုံးဦး စာရင်းထွက်ရာတွင် ၎င်းတို့မှာ- မစ္စတာ ကူးမား၊ မစ္စလက်ချမီး၊ မစ္စချန်ဒရာ တို့ဖြစ်၏။ သုံးဦးလုံးမှာလူတော်များ ဖြစ်၏။ ထိုစဉ် မီချိကိုက Dr.Das ကို တစ်လုမ်းပြောသည်။ "ဟေး Mr. Kuma လျှောက်လွှာကို Referce List မပါပါလား"ဟုမေး၏။ Referee ဆိုသည်ကား မိမိကောင်းကြောင်း ထောက်ခံသော သူဟု အဓိပ္ပာယ်ရ၏။ အလုပ်လျှောက်လွှာတွင် မိမိကိုထောက်ခံမည့်သူများ၏ အမည်၊ ရာထူး၊ ဆက်စပ်ပုံ ၎င်းတို့၏ လိပ်စာ၊ ဖုန်းနံပါတ်၊ အီးမေးလ် စသည်တို့ဖြစ်၏။ (ဥပမာ- ယခင်မူလအလုပ်ရှင်၊ ယခင်အထက် အရာရှိ၊ မိမိ၏ သင်တန်းဆရာစသဖြင့် ဖြစ်ပါ၏)များသောအားဖြင့် Referee list ကို သုံးဦးလောက်တော့ အလုပ်လျှောက်လွှာ၌ ထည့်ထား ရပါ၏။ သို့သော် Mr Kumar ၏ အလုပ်လျှောက်လွှာ၌ Referee List ပါမလာ၍ မီချိကိုက Dr.Das ကို လှမ်းပြောခြင်းဖြစ်၏။

Referee မပါသော်လည်း စကာတင်စရင်း၌ Mr Kumar သည် အကောင်းဆုံးဖြစ်နေ၏။ Dr.Das ကလည်း Mr Kumar ကောင်းကြောင်းသိပါသည်။

အဘယ်ကြောင့်ဆိုသော် Dr.Das နှင့် Kumar တို့သည် စီမံကိန်းတော်တော်များများ၌ လက်တွဲလုပ်ဖူး၏။ ထိုစဉ်မီချိုကိုက စိတ်မြန်လက်မြန်နှင့် Refree list မပါလဲကိစ္စမရှိပါဘူး' ယခင်အလုပ်က အထက်အရာရှိကို ဖုန်းဆက်မေးလိုက်တာပေါ့ဟု ဆိုကာ ပစ္စတာကူးမား၏ ယခင်စီမံကိန်းက အထက်အရှိရှိ Project Director ထံ ဖုန်းဆက်မည်ပြုနေတော့၏။ ထိုအခါ Dr.Das သည် မျက်လုံးပြူးအောင်လန့်သွား၏။

"Oh.please wait.Please wait" "နေပါဦး၊ ခဏနေပါဦး" ဟုပြာပြာသလဲ ပြောရ၏။ မီချိုကိုက အလွန်အံ့သြသွားသည်။ ထိုအခါ Dr.Das ကမပြောဖြစ်သော အောက်ပအဖြစ်အပျက်ကို ပြောပြရပါ တော့၏။ ၄င်းအဖြစ်အပျက်ကတော့ မစ္စတာကူးမား၏ ယခင်စီမံကိန်း အတိတ်ဖြစ်ရပ်ပဲဖြစ်ပါ၏။

မစ္စတာကူးမား၏ အတိတ်ဖြစ်ရပ်

တစ်ခါက စီမံကိန်းကြီးတစ်ခုမှာ စီမံကိန်းကွပ်ကဲရေးရုံးကြီးရှိ ပြီး နယ်များ၌ မြို့နယ်စီမံကိန်းရုံးများကို ကွပ်ကဲနေပါသည်။ စီမံကိန်း ရုံးကြီးကို စီမံကိန်းဒါရိုက်တာ ဘဘတစ်ယောက်က အုပ်ချုပ်ပါတယ်။ ဘဘရဲ့အသက်က ၅၂ နှစ်ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံက မဟာဘွဲ့ Master Degree ရ သွက်သွက်လက်လက်၊ ချက်ချက်ချာချာ ဘဘ တစ်ယောက်ပါ။ အထက်တန်းပညာတတ်မြောက်ထားပြီး နည်းပညာ Techonology နဲ့ပတ်သက်လို့တော့ သက်ဆိုင်ရာ ဌာနဆိုင်ရာများကို တောင် အကြံပေးနိုင်တဲ့အဆင့်ရှိပါတယ်။

အဲဒီရုံးမှာလဲ စာရေးမလေးတစ်ယောက်ရှိပါတယ်။ ရက်ရက် စက်စက်လှတဲ့အပြင် ယဉ်လည်းယဉ်လို့ သူမနာမည် Rosy လို့ဆိုကြ ပါစို့။ စီမံကိန်းဒါရိုက်တာ ဘဘက စာရေးမလေးကို ကြိတ်ပြီးသဘော ကျနေပါသည်။ ဘဘလည်း အိမ်ထောင်သည်တစ်ယောက်ပါ။ ဒါပေမဲ့ အိမ်ထောင်ဟူသော သတ်မှတ်ချက်တစ်ခုက အချစ်ကိုတော့သော့ခတ် ထားနိုင်သည်မှမဟုတ်ဘဲ။

ဒီတော့ ဒါရိုက်တာဘဘက တစ်နေ့တော့ စာရေးမလေး Rosy

ကိုချစ်ရေးဆိုပါတယ်။ ထိုရုံးရဲ့ရုံးသုံးစာဟာ အင်္ဂလိပ်စာဖြစ်ပြီး အားလုံးကွန်ပျူတာနဲ့အလုပ်လုပ်ရလို့ စာရေးစာချီကစ၍ အားလုံး ကွန်ပျူတာကိုယ်စီနဲ့ဖြစ်ပါတယ်။ ဘဘက အချစ်ကဗျာတစ်ပုဒ်ကို အင်္ဂလိပ်လိုရေပြီး ကွန်ပျူတာနဲ့စာစီပါတယ်။ ဘဘရဲ့ကဗျာကပြောင် မြောက်လှပါသည်။ တအားဖတ်လို့ကောင်းတဲ့ အင်္ဂလိပ်ကဗျာတစ်ပုဒ် ဖြစ်ပါတယ်။ ဘဘက အမေရိကားတက္ကသိုလ်က Master ဘွဲ့ရလာ တော့ အင်္ဂလိပ်ကဗျာကို ပိုင်နိုင်စွာစပ်နိုင်တယ်လို့ထင်စရာရှိပါတယ်။ ဒါပေမဲ့ ကဗျာကို သေသေချာချာဖတ်ကြည့်တော့ ကမ္ဘာကျော် ကဗျာ ဆရာကြီးတဂိုးရဲ့ ကဗျာကိုမှီငြမ်းပြီး ကော်ပီလုပ်ထားတာကိုး၊ ကောင်းမှာပေါ့။

ဘဘကငင်းကဗျာကို ကွန်ပျူတာထဲမှရိုက်၍ Floppy နဲ့ ကူးပေးပြီးဖွင့်ကြည့်နိုင်ရန် Floppy ကို စာရေးမလေး Rosy ကိုပေး လိုက်ပါတယ်။ တစ်ချိန်တည်းမှာပဲ အလုပ်ကိစ္စတစ်ခုနဲ့ရေးထားတဲ့ စာကို Floppy နောက်တစ်ချပ်ထားပြီး အုပ်ချုပ်ရေးအရာရှိ Mr Kumar ကိုပေးလိုက်ပါတယ်။ ဒါပေမဲ့ဖြစ်ချင်တော့ Kumar ရဲ့ ကွန်ပျူတာ မျက်နှာပြင်မှာ ရည်စားစာ ကဗျာကြီးပေါ်လာရော။

'ဟိုက်'

Kumar ရဲ့ အာမေဋိတ်အသံဖြစ်ပါတယ်။ ပထမတော့ Kumar လည်း ကြောင်သွားပြီး နောက်တဖြည်းဖြည်းနဲ့ ဒါရိုက်တာက စာရေး မလေးကိုပေးတဲ့ ရည်စားစာကဗျာမှန်း သိလိုက်ရတယ်။

ဒီနေရာမှာ နည်းနည်းရေးချင်တာက Kumar နဲ့ ဒါရိုက်တာ ဘဘတို့က ပုဂ္ဂိုလ်ရေးမကြည်၊ မကြည်လေးတွေ နည်းနည်းရှိတယ်။ Kumar ကို လုပ်ငန်းနဲ့ပတ်သက်ပြီး ဒါရိုက်တာက ဟောက်တာတွေ ရှိတယ်။ ကုလား ကလည်း မဟုတ်မခံဆိုတော့ ပြန်ပတ်ထားတာလေး ရှိတယ်။

ဒီနေရာမှာ Kumar တို့ အကွက်ဝင်လာပြီဖြစ်ပါတယ်။ အမှန် ကတော့

စာရေးမလေးကို ပေးတဲ့ရည်စားစာ Floppy ကို စာရေးမလေး စားပွဲပေါ်
သွားတင်လိုက်လည်းရပါတယ်။ ဒါပေမယ့် ငယ်တဲ့အမှုကြီး အောင်၊ ကြီးတဲ့အမှုကို
ပေါက်ကွဲအောင် လုပ်ပါတော့တယ်။ ၄င်း စီမံကိန်းရုံးသို့ ငွေကြေးထောက်ပံ့နေသော
အလှူရှင်ရုံး FUNDING ANENCY သို့ ကွန်ပျူတာထဲရောက်လာသော ရည်းစားစာ အား
e-mail ပို့လိုက်ပါတော့သည်။

နောက်တစ်နေ့နံနက်မှာတော့ Funding Agency မှဆက် သွယ်ရေးအရာရှိ
မစ္စစင်သီယာနွယ်ဇင်လတ် သူမရဲ့ကွန်ပျူတာကို ဖွင့်ကြည့်လိုက်တဲ့အခါမှာ ရည်စားစာကဗျာကို
တွေ့ရတော့ လန့်သွား ပါတယ်။ မြစ်ဖျားခံလိုက်တော့ e-mail ပို့သူ Kumar ဆိုတာ
သိရတော့ Kumar ကို အကျိုးအကြောင်း ဖုန်းဆက်မေးတယ်။

Kumar ကလည်း အကွက်ဝင်ပြီဆိုပြီး သာသာနဲ့နာနာချွန်တွန်း
လုပ်လိုက်ပါတော့တယ်။ စင်သီယာတို့ ဒေါကန်ပြီပေါ့။ ဒါပေမဲ့ မိန်းကလေးက
လာတိုင်တာမဟုတ်တော့ ဘာမှလည်းလုပ်လို့မရ၊ ကဗျာစပ်တာကို အရေးယူတဲ့ပုဒ်မကလည်း
ရှာမရတော့ ဘယ်သူ့မြားဦး လှည့်ရမှန်းလည်းမသိဘဲ ဖြစ်နေပါတယ်။ အဲဒီအချိန်က
စင်သီယာ တို့ နယ်ရုံးတွေကို တာဝန်နဲ့ခရီးထွက်မယ့်ဆဲဆဲပါ။ စင်သီယာ တို့ နယ်ရုံးကို
ခရီးထွက်ခဲ့တယ်။ နယ်ရောက်တော့ Field Officer (နယ် အရာရှိ)တွေကို
ဒီအကြောင်းပြောပြတယ်။ အတင်းတုတ်တာပါ။ ဒီလို လုပ်တာ ကောင်းကြသေးရဲ့လားပေါ့။
နယ်အရာရှိတွေက ဖြစ်ရပ်ကို အကောင်းအဆိုးတော့ မဝေဖန်ဘူး။ ကဗျာကိုတော့
ကောင်းလွန်းလို့ ဆိုပြီး ဖတ်သူဖတ်၊ ကူးသူကူး၊ အလွတ်ကျက်သူကျက်၊ ပြုံးသူပြုံး
ဖြစ်ကုန်ပါတယ်။

ရည်စားစာကဗျာကတော့ စီမံကိန်းရဲ့မြို့နယ်ရုံးတွေ အားလုံး ကို
ပြန့်နံ့သွားပါတော့တယ်။ ဒီလိုနဲ့ တစ်ဆင့်တစ်ဆင့်နဲ့ပြန့်နှံ့သွားပြီး ဒီအကြောင်းက
ကဗျာရှင် ဒါရိုက်တာဘဘရဲ့နားကိုပြန်ရောက်သွားပါ တော့တယ်။ ဒါရိုက်တာဘဘတိုက
ဒေါကန်ပြီပေါ့။ တရားခံရှာတော့ အခြားသူဟုတ်ရိုးလား။

သူရဲ့လက်အောက်က အုပ်ချုပ်ရေးအရာရှိ Admin Officer kuma

ဆိုတာသိလိုက်ရတယ်။

Kuma ကို စီမံကိန်းကာလတစ်လျှောက်လုံး လုပ်ငန်းကိစ္စနဲ့ ပတ်သက်ပြီး အပြစ်ရှာရမယ်ရှာကြံမိမောင်းနေပါတော့တယ်။ Rosy က ဒါရိုက်တာဘဘကို ပြန်မချစ်ပါဘူး။ ဘာကြောင့်မှန်းတော့မသိဘူး။ အလုပ်က ထွက်စာတင်ပြီး ဇာတိမွေးရပ်မြေကို ပြန်သွားပါတယ်။

ဒါရိုက်တာဘဘကတော့ အချစ်ကို တန်ဖိုးမထားသော်လည်း နှလုံးသားကိုတော့ အအားမထားပါဘူး။ အလှဆုံးစာရေးမလေးကို မရတော့ ဒုတိယအလှဆုံးလို့ဆိုတဲ့ အခြားစာရေးမလေး ရီတာကို ချည်းကပ်ပါတယ်။ ရီတာကတော့ ဘဘရဲ့အချစ်ကိုလက်ခံလိုက်တယ်။ ချစ်သူတွေအဖြစ်နေကြပါတယ်။ ဇာတ်ပေါင်းသော် စီမံကိန်းပြီးသွားတဲ့ အခါ ဝန်ထမ်းအားလုံး ကိုယ့်အိမ်ကိုပြန်ကြတယ်။ ဘဘရဲ့ဆူပူကြိမ်းမောင်းမှုကြောင့် စိတ်ဆင်းရဲပြီး သွေးတိုးရောဂါရခဲ့သည်ဟုဆိုပါသည်။

သို့နှင့် အထက်ကဖော်ပြခဲ့သည့်အတိုင်း Kuma က JNGO အသစ်တစ်ခုဖြစ်တဲ့ Ms.Michiko တို့ရုံးထိုင်နေသော နေရာသို့ အလုပ်လျှောက်တာပါ။ သူ့ခမြာယခင်အထက်အရာရှိ ထောက်ခံစာလည်းမပါလာဘူး။ ဒါရိုက်တာဘဘက Project Report ရေးရန်သူ့နိုင်ငံမပြန်သေးဘူး၊ Funding Agency ရဲ့ရုံးမှာ တစ်လလောက်ရုံးထိုင်နေတုန်း Ms. Michiko က ဒါရိုက်တာဘဘထံ ဖုန်းဆက်၍ Kuma တော်လား၊ ညံ့လားမေးမယ်လုပ်တာပါ။ တကယ်လို့ သာဖုန်းဆက်မေးရင်တော့ Ms. Kumar တို့ ရစရာမရှိအောင် ဒါရိုက်တာ ပြောတော့မှာဖြစ်တယ်။ ဒါပေမဲ့ ကူးမားတို့ကံကောင်းချင်တော့Ms.Michiko ရဲ့လက်အောက်မှာ အမျိုးသားစီမံကိန်းအရာရှိလုပ်နေတဲ့ Dr.Das က ယခင်စီမံကိန်းမှာ Kuma နဲ့ အတူလုပ်ဖူးတာကို အဲဒီ တုန်းက Dr.Das က နယ်ရုံး (Field Officer) မှာရုံးထိုင်တယ်။ Field Officer မှာရုံးထိုင်တုန်း Ms.Jennifer ကပြလို့ ဒါရိုက်တာဘဘရဲ့ ရည်စားစာကို Dr.Das ဖတ်ဖူးတယ်။ Dr.Das ကလည်း ကဗျာ ဝါသနာပါလို့ ကူးယူထားသေးတယ်။ ဒါကြောင့် Ms.Michoko က ဒါရိုက်တာဘဘထံ ဖုန်းဆက်ပြီးမေးမယ်လုပ်တော့ Dr.Das

က ပြာပြာသလဲ တားရတာပေါ့။

ဒီဇာတ်လမ်းကိုပြောပြတော့ Ms.Michoko ခမြာ ရယ်လိုက် တာ မျက်ရည်တွေတောင်ကျတယ်။ (၁၀)မိနစ်လောက်ကြာတယ်။ ရယ်တာမရပ်ဘူး။

ဇာတ်ပေါင်းသော် ဒါရိုက်တာဘဘကလည်း သူ့နိုင်ငံပြန် သွားပြီ။ Ms.Michokp က သုံးနှစ်လောက်လုပ်ပြီး သူနိုင်ငံပြန်ပြီး Dr.Das လည်း အခြားစီမံကိန်းသို့ပြောင်းသွားပါပြီ။

Kuma ကတော့ သူ့ရဲ့ကြိုးစားမှု၊ Skill တို့ကြောင့် ၄င်း JNGO က တိုးတက်ခဲ့တယ်။ ကာာ ကတော့ နောက်စီမံကိန်းကျ တော့လည်း ၄င်း JMGO ၌ဆက်ပြီး တာဝန်ထမ်းနေတာယနေ့တိုင်ပဲ။

Dr.Das ကတော့ မိမိရဲ့မှန်ကန်တဲ့ Information ကြောင့် လူတစ်ယောက် မနစ်နာဘဲ နစ်နာတာမျိုးဖြစ်မသွားလို့ ပီတိဖြစ်တယ်။

သင်ခန်းစာယူရန်

ဒီဆောင်းပါးမှာ ရေးချင်တာကတော့ အလုပ်လျှောက်လွှာ တစ်ခုတွင် ယခင် အလုပ်က အထက်အရာရှိဟောင်းတို့ရဲ့ ထောက်ခံစာ နဲ့ ထောက်ခံချက်တွေဟာ ရာနှုန်းပြည့်တော့ မယုံရဘူးဆိုတာပါပဲ။

***

## ၂။ ခန္ဓာကိုယ်အချိုးအစား ၃၆-၂၂-၃၆ သတို့သမီးမျိုးနဲ့

## လက်ထပ်လိုသူ သတို့သားလူပျိုကြီးရဲ့ဒုက္ခ

(HIV ဝေဒနာသည်တို့ရင်ဆိုင်ရသော ဖိမပြနာသမျှားနှင့် ဖြေရှင်းနည်းလမ်းအသွယ်သွယ်စာအုပ်မှ ကောက်နုတ်ချက် ၂၀၀၉)

ကျွန်တော် HIV ကာကွယ်ရေးစီမံကိန်း ဆရာဝန်တစ်ဦးပါ။ ကျွန်တော်တို့သူငယ်ချင်းတစ်ဦးရှိ၏။ သူ့နာမည်က ကိုစိန်လှ (နာမည်လွှဲထား)။ သူ၏ဇနီးသည် ဒေါ်ရွှေရည်အေး(နာမည်လွှဲထား) နှင့် လက်ထက်ပြီးသည့်မှာ (၄)လခန့်သာရှိသေးသည်။ သူတို့ဇနီး မောင်နှံ(၂)ဦးလုံး၏အသက်သည် (၄၂)နှစ်စီရှိကြသည်။ လေးဆယ် ကျော်မှ ကံပေါ်ကြသူများဟုဆိုနိုင်ပါ၏။

တစ်နေ့တော့ ကိုစိန်လှက ကျွန်တော်အား တရုတ်ခေါက်ဆွဲ ဆိုင်တစ်ဆိုင်မှာ ဘီယာသောက်ရင်း ညစာစားရန် ဒကာခံပါသည်။ ကျွန်တော်လဲ ကျေးဇူးတင်စွာ ၄င်းတည်ခင်းသော အစားအသောက် များကိုစားခဲ့သည်။ စားပြီးတော့ ကျွန်တော်က ပြန်မယ်လုပ်တယ်။ သူက အိမ်မပြန်သေးကြောင်း၊ ပြည့်တန်ဆာခန်းသွားဦးမည်ဖြစ်ကြောင်း ပြောတော့ အံ့ဩရသေးတယ်။ သူမှာလဲ ဇနီးအသစ်နဲ့လက်ထပ်ပြီးတာ မှမကြာသေးဘူး။ ကျွန်တော်က ဘာကြောင့်ပြည့်တန်ဆာခန်းသွားမှာလဲ လို့ စပ်စုကြည့်တော့ သူကမူးမူးနဲ့ရင်ဖွင့်တယ်။ ဖြစ်ပုံကဒီလိုပါ။ ကိုစိန်လှနှင့် မရွှေရည်အေးတို့သည် အသက်(၄၀)အထိ အပျိုကြီး၊ လူပျိုကြီးများဖြစ်ပါသည်။ လူကြီးပေးစားတာမဟုတ်။ (၄၀)ကျော် တာမှ အောင်သွယ်ကောင်း၍ (၁)လလောက်သမီးရည်းစားဖြစ်ပြီး ခိုးပြေး ကြတဲ့ (၄၀)ကျော်စုံတွဲပါ။ ရွှေရည်အေးတို့မိဘဘက်ကသဘောမတူ။

(၄၀)ကျော်ဆိုတော့ တက္ကသိုလ်ကျောင်းတက်ရင်းတွေ့ကြတဲ့ စုံတွဲမဟုတ်။ (၂)ယောက်စလုံးဘွဲ့ရသည်မှာ အနှစ်(၂၀)ကျော်ခဲ့ပြီ။ အလုပ်အကိုင်ကိုယ်စီနဲ့ပါ။ ရတာမလို၊ လိုတာမရရင်ရွေးလာခဲ့ရာ ရွေးပြီးရင်းရွေးရင်းနဲ့ လေးဆယ်ကျော်လာတော့ တစ်နေတော့ ကိုစိန်လှ ရဲ့ သူငယ်ချင်းမောင်မောင်လှက သူ့မိတ်ဆွေအပျိုကြီးမ ရွှေရည်အေးနဲ့ ကိုစိန်လှကိုအောင်သွယ်တယ်။ မောင်မောင်လှရဲ့ဇနီးတိုးတိုးလှိုင်ကလဲ သတို့သမီးလောင်း ရွှေရည်အေးနဲ့သူငယ်ချင်း။ မောင်မောင်လှနဲ့ တိုးတိုးလှိုင်တို့လင်မယားကလဲ

အောင်သွယ်တာ အထူးဝါသနာပါတယ်။

အောင်သွယ်ပုံက ရိုးရိုးလေးနဲ့ရှင်းရှင်းလေး။ မောင်မောင်လှ နဲ့ တိုးတိုးလှိုင်တို့လင်မယားက အလှူအသေးလေးတစ်ခုလုပ်ပြီး လူပျိုကြီး ကိုစိန်လှကိုဖိတ်တယ်။ တိုးတိုးလှိုင်ကလဲ ရွှေရည်အေးကိုဖိတ် ထားတယ်။ တိုးတိုးတိတ်တိတ်လည်းပြောထားတာက လူပျိုကြီးကိုစိန်လှ လဲလာမယ်။ တစ်ယောက်နဲ့တစ်ယောက် အကဲခတ်ကြပါ။ သဘော ကျရင်လဲ မိမိကိုပြော၊ အခမဲ့အောင်သွယ်မယ့်အကြောင်း စကားလုံးတွေ သွင်းထားတော့ အပျိုကြီးရွှေရည်အေးကလဲ နည်းနည်းလေးအလှပြင် လာရတာပေါ့။ တစ်ဖက်ကလဲ မောင်မောင်လှက လူပျိုကြီးစိန်လှကို မိမိတို့အသိထဲက အပျိုကြီးလှလှနနရွှေရည်အေးလာမယ်။ အကဲခတ် ကြည့်ပါ။ စိတ်ဝင်စားရင်ပြောဆိုပြီး စကားထည့်ထားတာ လူပျိုကြီး ကိုစိန်လှက အလှူကိုလာတာ တိုက်ပုံတွေဘာတွေနဲ့ဝတ်ပြီး ပေါင်ဒါမှုန့် ပါးပါးလေးတောင် သူ့ရဲ့မျက်နှာ အသားညိုညိုပေါ်မှာတင်ထားလိုက် သေးတယ်။ ရခိုင်ပုဆိုးအဆင်လှလှလေးပါဝတ်လို့ မရိုးမယဉ်ဖြစ် အောင် နည်းနည်းလေးပြင်လာရကြောင်းပါ။

မောင်မောင်လှနဲ့ တိုးတိုးလှိုင်တို့ လင်မယားကတော့ နိုင်ငံခြား မှသာနေရင် အောင်သွယ်တော်ကုမ္ပဏီတစ်ခုခုမှာ မန်နေဂျင်းဒါရိုက်တာ နှင့် စီအီးအို ၉၉၉ အမှုဆောင်အရာရှိချုပ်လုပ်နိုင်လောက်အောင် အရည်အချင်းရှိသူတွေပါ။ အပို့ကောင်းသလို အလျော်လည်းကောင်း တယ်။ အညွှန်းလဲကောင်းတယ်။ ဒါနဲ့အလှူပွဲမှာ လူပျိုကြီးကိုစိန်လှ နဲ့ အပျိုကြီးရွှေရည်အေးတို့ကို မိတ်ဆက်ပေးတယ်။ လူပျိုကြီး အပျိုကြီးတွေ တစ်ယောက်နဲ့တစ်ယောက်မသိမသာအကဲခတ်ကြတာပေါ့။ လေးဆယ်ကျော်တွေဆိုတော့ ဆယ်ကျော်သက်လေးတွေလိုတော့ စကား ဖောင်လောက်အောင် မပြောဘူး။ မိတ်ဆက်ပေးတဲ့အခါ တွေ့ရတာ ဝမ်းသာပါတယ်ဆိုတဲ့ စကားကို မပွင့်တပွင့်အပြုံးနဲ့အတူပြောရင်း အလှူ့ရှင်တည်ခင်းတဲ့ ထမင်းကိုအိန္ဒြေနဲ့သမာဓိ(၂)မျိုးပေါင်းထားတဲ့ အမူအရာနဲ့စားတာပေါ့။

အလှူပြီးတော့ လူပျိုကြီးက အပျိုကြီးကိုကြိုက်သွားပြီ။ ကြိုက်မှာပေါ့။

ရွှေရည်အေးက မျက်နှာကလှပြီးသား။ (၄၀)ကျော်သာ ဆိုရတယ်

(၃၅)နှစ်လောက်ပဲထင်ရပါတယ်။ လူပိုကြီးကလဲလျှင်တယ်။ အပိုကြီးရဲ့ကောင်းခြင်းငါးဖြာကို

အကဲခတ်လိုက်သည်။ ကိုယ်လုံး ကိုယ်ပေါက်ကိုလဲ ကြည့်တယ်။ အပိုကြီးရဲ့

ကိုယ်လုံးကိုယ်ပေါက်ကို လူပိုကြီးက အကဲခတ်တော့ အပြစ်ဆိုစရာမရှိဘူး။ တင်-ရင်-ခါး

အချိုးကျမှကျ။ လူပိုကြီးစိတ်တွက်နဲ့တွက်ကြည့် ခန့်မှန်းတော့ ၃၆-၂၂-၃၆

ရယ်လို့မှန်းလိုက်တယ်။ ဒီလိုအတိုင်းမျိုးက မယ်ဘွဲ့ရတဲ့ မိန်းကလေးဆိုဒ်မျိုး။ လူပိုကြီး

ရင်ခုန်ရပြီ။ လူပိုကြီးက ကဗျာတစ်ပုဒ် ကိုတောင်သတိရတယ်။

"မြကြောစိမ်းစိမ်း

ရှိန်းရှိန်းစိုစို

လှသည့်ကိုယ်ဝယ်

ရှုက်ဖိုကြီးငယ်

အသွယ်သွယ်စု

လှပကျော့မှု

သိကြားထုသို့"

ဆိုပြီး မိန်းမသားအလှဘွဲ့ ခန္ဓာကိုယ်အချိုးအစားကိုဖွဲ့ထား

တဲ့စာကိုသတိရမိတယ်။ ဒီလိုနဲ့ချစ်လှချည်ရဲ့၊ ကြိုက်လှချည်ရဲ့ဆိုပြီး

အောင်သွယ်လင်မယားကို ကပ်ပါလေရော။ အပိုကြီးကလဲ ငြင်းလို့ ဘယ်ဖြစ်တော့မလဲ။

အသက်(၄၀)ကျော်ခဲ့ပြီ။ ဒီလိုအခွင့်အရေးမျိုးက ဘာနဲ့တူလဲဆိုတော့ ဘောလုံးပွဲတစ်ပွဲရဲ့

ပွဲပြီးခါနီးနောက်ဆုံးမိနစ်မှာ ရတဲ့ဂိုးသွင်းခွင့်လိုပေါ့။ မှုနေရင် မှားမယ်ဆိုတာသိလို့

လုံးဝမမှုတော့ ပါဘူး။ တိုတိုပဲပြောကြပါစို့။ သူတို့ညားကြလေသတည်းပေါ့။

မင်္ဂလာဦးညရောက်တော့ လူပိုကြီးကပျော်နေတယ်။ သုံးပန်းလှမိန်းမ သားတစ်ယောက်ကို

ပိုင်ဆိုင်ရတော့မယ်ပေါ့။ ဒီလိုနဲ့ ညအိပ်ရာဝင် တော့ လူပိုကြီးကိုစိန်လှက ရွှေရည်အေးကို

ဖက်လိုက်တယ်။

''ဟင်''ဒါကတော့ ကိုစိန်လှရဲ့လန့်သွားတဲ့၊ အံ့ဩသွားတဲ့ အသံပါ။ ဇနီးအလှ ပြည့်ပြည့်ဖြိုးဖြိုးလေးရယ်လို့ ဖက်လိုက်တာ အိအိ နွေးနွေးမခံစားရတဲ့ ပိန်တာရိုးတစ်ယောက်ကို ဖက်လိုက်ရသလို ခံစား ရတယ်။ ဒီတော့ မင်္ဂလာဦးညမှာ ကိုစိန်လှ အိပ်မပျော်ပါ။

ဒီလိုနဲ့ နောက်နေ့မနက်ကျတော့ ကိုယ့်မိန်းမကိုယ် သေသေ ချာချာကြည့်ရတယ်။ ဒီတော့မှ တခြားဟုတ်ရိုးလား။ ရွှေရည်အေးက သူနဲ့စတွေ့တဲ့အချိန်နဲ့ တခြားအချိန်တွေမှာ တင်အတု၊ ရင်အတုတွေ တပ်လာတာကိုး။ အဲဒါတွေဖြုတ်ထားလိုက်ရင် ပိန်ကပ်ကပ်လေးပါ။ ရှုံ့ကိုဖိုကြီးငယ်တွေမရှိတော့ သူက ရွှေရည်အေး။ ရှုံ့ကိုငိုရမယ့်သူက တော့ ကိုစိန်လှဖြစ်နေပြီ။ ကိုစိန်လှ ဒေါကန်ပြီပေါ့။ လက်ထပ်လို့လည်း ပြီးနေပြီ။ ခယူခက္ခဲရင်ကောင်းမလား။ ဒီတော့ မယားကိုရှဲ့ပြီး ပြည့်တန်ဆာ အိမ်သွားမယ်လုပ်ပါလေရော။

အထက်ပါကိစ္စကို ကျွန်တော့်ကိုပြောပြတော့ ကျွန်တော့်မလဲ ငိုရအခက်။ ရယ်ရအခက်ပါ။ သူ့အဖြစ်ကိုလည်း သနားမိတယ်။ သို့သော် ကျွန်တော်က နှစ်သိမ့်ပေးပါတယ်။ 'ကဲဗျာ ကိုစိန်လှ ပြီးခဲ့တာ တွေလည်းပြီပြီ။ စိတ်အေးအေးထားပါ။ ကျွန်တော်ခင်ဗျာကို ကူညီမယ်။''

ထိုအခါ ကိုစိန်လှက ''ဆရာကိုထွန်းဝင်း ကျွန်တော့်ကိုကူညီ မယ်ဟုတ်လား။ ကူညီဗျာ။ ဘယ်လိုကူညီမှာလဲ။ အခုလား။ ကျွန်တော့် ကို ၃၆-၂၂-၃၆ ရှိတဲ့ မိန်းကလေးတစ်ယောက်ရှာပေးမှာလား''ဆိုပြီး မေးပါတယ်။

ထိုအခါ ကျွန်တော်က ''ကူညီမှာကတော့ အခုချက်ချင်းပဲဗျာ။ ဒါပေမဲ့ ၃၆-၂၂-၃၆ မိန်းကလေးတော့မဟုတ်ဘူး။ တခြားဟာနဲ့ကူညီ ရမှာပေါ့ဟုဆိုတော့ သူက ''တခြားဟာဆိုတာဘာလဲ''ဟုမေးရာ ကျွန်တော်က ''ခင်ဗျားအခုပဲ ပြည့်တန်ဆာအိမ်သွားမလို့မဟုတ်လား။ ရော့ဗျာ ကွန်ဒုံးလေး၊ အခုပဲပေးလိုက်ပါတယ်။

ကျွန်တော်ကူညီနိုင် တာလဲ ဒါပါပဲ''ဟု ပြောရင်း ကွန်ဒုံးလေးတစ်ခုကို သူ့လက်ထဲထည့် ပေးလိုက်ရကြောင်းပါခင်ဗျာ။

သင်ခန်းစာ

သတို့သားလောင်းများ ဤဆောင်ပါးဖတ်၍ သင်ခန်းစာ ယူနိုင်ကြပါစေ။

## ၃။ အပိုကြီးတွေကို ညှာစားတာမျိုးဟာ မကောင်းပါဘူး

## (Vol-1,No.16,5 Nov 2010-HOT News)

ယခုကာလသည်ကား ကမ္ဘာတစ်ဝန်း၌ လူကုန်ကူးသည့်ကိစ္စ များ အထူးပုံ့နှံ့လာပါသောကြောင့် တစ်ကမ္ဘာလုံး၌ အလေးထား တိုက်ဖျက်နေပါသည်။ လူကုန်ကူးခြင်းဟူသော အဓိပ္ပာယ်သတ်မှတ်ချက် သည် ပိုမိုကျယ်ပြန့်လာခဲ့ပါသည်။ ရှေးအခါက ယေဘုယျအားဖြင့် နားလည်လိုက်သလို ပြည့်တန်ဆာအလို့ငှာ မိန်းကလေးတစ်ယောက် အား ရောင်းချလိုက်မှ လူကုန်ကူးတာမဟုတ်ပါ။ တစ်ဖက်သား၏ စားဝတ်နေရေး အခက်အခဲဖြစ်နေသည်ကို အခွင့်ကောင်းယူ၍မတန် တဆနည်းသော လုပ်အားခပေး၍ လုပ်အားကို ခေါင်းပုံဖြတ်လျှင်လည်း လူကုန်ကူးရာရောက်ပါ၏။

ဤဆောင်းပါးတွင် ရေးချင်သည်ကတော့ လူကုန်ကူးခြင်း အကြောင်း အဓိကမကျဘဲ "တတိယလူ" (Third Person) အကြောင်း တင်ပြချင်ပါသည်။ တတိယလူဟုဆိုလိုက်သဖြင့် အလုပ်ရှင်နှင့်အလုပ် သမားကြားက ပွဲစားများကိုခေါ်လေသလား ထင်စရာရှိပါ၏။ တကယ် တော့ မဟုတ်ပါ။ ပွဲစားသည် ခေါင်းပုံဖြတ်ခံရသူမဟုတ်။ သူများ ခေါင်းပုံဖြတ်တာကို ကြားက ကူညီသူဖြစ်၏။

တတိယလူဆိုတာ၏ ဥပမာ

တတိယလူကိုတော့ လူကုန်ကူးမှုနဲ့ အရေးမယူထိုက်ပါ။ သူကလည်း ခေါင်းပုံဖြတ်တာခံရတာပါ။ ဥပမာအားဖြင့် ဆင်းရဲချို့တဲ့ သော မိန်းကလေးတစ်ယောက်သည် စားသောက်ဆိုင်၌ သီချင်းဆို ရသော အလုပ်ကိုလုပ်သည်ဆိုပါစို့။ စားသောက်ဆိုင်ပိုင်ရှင်က စေတနာမှန်လျှင် သူ့အားလခပေးရပါမည်။ အချို့စားသောက်ဆိုင်ပိုင်ရှင် က လခမပေးကြပါ။ ညနေပိုင်းတွင် ဘီယာသောက်ရင်းအစားအသောက် များလာစားကြသော စားသုံးသူများကို

မိန်းကလေးတွေက သီချင်းဆို ပြရပါသည်။ ထိုအခါ စားသုံးသူ Customers များက မိန်းကလေး သီချင်းဆိုတာကိုသဘောကျပါသော် ဂုဏ်ပြုပန်းကုံးစွပ်နိုင်၏။ဂုဏ်ပြုချင်လို့ဆိုပြီး မိမိအိမ်က ပန်းကုံးလုပ်လာလို့မရပါ။ ၎င်းစားသောက် ဆိုင်၌ရောင်းသော ပလတ်စတစ်ပန်းကုံးကို ကြေးကြီးပေး၍ ဉပမာ ၅၀၀၀ ကျပ်ခန့်ပေးဝယ်လျှင် မိန်းကလေးရှိရာ စင်ပေါ်သို့ပန်းကုံးကိုင် တတ်သွားပြီး သီဆိုနေသောတေးသံရှင်များ၏ မျက်နှာချင်းဆိုင် တစ်ပေအကွာမှ ပန်းကုံးစွပ်၍ရပါသည်။ ထိုအဖြစ်အပျက်တွေ တေသံ ရှင်မိန်းကလေး၏ သီဆိုမှုကို ဂုဏ်ပြုရာဖြစ်ရာ ပန်းကုံးဝယ်သော ပိုက်ဆံ ကျပ် ၅၀၀၀ ကို တေးသံရှင်မိန်းကလေးရသင့်၏။ သို့သော် မရဘဲ စားသောက်ဆိုင်ပိုင်ရှင်က ကျပ် ၄၀၀၀ ခန့်ဖြတ်၍ ယူလိုက်၏။ တေးသံရှင်က ကျပ် ၁၀၀၀ ခန့်သာ ရပါ၏။ ဤဖြစ်စဉ်တွင် ခေါင်းပုံ ဖြတ်ထားသော စားသောက်ဆိုင်ပိုင်ရှင်ကို ပထမလူဟုခေါ်လျှင် ခေါင်းပုံ ဖြတ်ခံရသော မိန်းကလေးက ဒုတိယလူဖြစ်၏။

တတိယလူဆိုတာကတော့ စားသောက်ဆိုင်၌ အစားအသောက် များကို မတန်တဆဈေးကြီးပေးဝယ်သည့်အပြင် ပန်းကုံးဖိုး ကျပ် ၅၀၀၀ ပေးရသော စားသူဖြစ်၏။ သို့သော် ဒီလိုလူမျိုးတော့သနား စရာတော့သိမ်မကောင်းပါ။ သို့သော် သနားစရာကောင်းသော တတိယ လူဆိုတာလည်း ရှိပါသေး၏။

လွန်ခဲ့သော ၁၆ နှစ်ခန့်ကဖြစ်ပါသည်။ ကျွန်တော်သည် ရန်ကုန်မြို့၏တစ်ခုသော NGO ဆေးရုံတစ်ရုံ၌ လက်ထောက်ဆရာဝန် အလုပ်လုပ်ကိုင်နေပါသည်။ နိုင်ငံခြားက လာဖွင့်တဲ့ NGO မဟုတ်ပါ။ ပြည်တွင်း NGO ဖြစ်လို့ ထိုအခါက လက်ထောက်ဆရာဝန်အား လခ ကျပ် ၂၀၀၀ သာပေးနိုင်ပါသည်။ အဲဒီခေတ်က လက်ဖက်ရည် တစ်ခွက် ၁၅ ကျပ်ခေတ်ဖြစ်ပါသည်။ ဒီခေတ် ၂၀၁၀ ခုနှစ်ဆိုရင်တော့ ကျပ် ၂၀၀၀ ဆိုတာ အလွန်နည်းပါမည်။ သို့သော် ဟိုခေတ် ၁၉၉၅ လောက်ကတည်းက လောက်သော ပမာဏမဟုတ်ပါ။

ဤတွင် ၁၉၉၅ ခုနှစ်တွင်း ထုတ်ဝေသော သတင်းစာတစ် စောင်၌ "ဆရာဝန်အလိုရှိသည်"ဟူသော ကြော်ငြာတစ်ခုကိုတွေ့လိုက် ရပါသည်။

ကြော်ငြာအပြည့်အစုံမှာ -

* ဆရာဝန်တစ်ဦးအလိုရှိသည်။

* MBBS ဘွဲ့ရဖြစ်ရမည်။

* အမျိုးသားဖြစ်ရမည်။

* နေထိုင်ရေးကိစ္စ တာဝန်ယူသည်။

* စားသောက်ရေးကိစ္စ တာဝန်ယူသည်။

* ညှိနှိုင်းလစာပေးမည်။

* လူတိုင်ကိုယ်လာရောက်လျှောက်ထားရမည်။

ဟု ကြော်ငြာသဖြင့် ကျွန်တော်ဝမ်းမြောက်မိသည်။

ထိုစဉ်က ကျွန်တော်သည် လစာနည်းဝန်ထမ်းဖြစ်ပြီး ဇနီး သည်နှင့် သမီးနှစ်ဦးရှိရာ သမီးကြီးက ရှစ်နှစ်၊ သမီးငယ်က ခြောက်နှစ်၊ ဖြစ်၏။ ထိုစဉ်က ကျွန်တော့်တွင် နေစရာအိမ်မရှိပါ။ မိဘအိမ်တွင် ကပ်နေရ၏။ တိုက်ဆိုင်ချင်တော့ ကျွန်တော့်မိဘများသည် သူ့တို့ပိုင် အိမ်ကိုဖျက်၍ မြေကွက်ပေါ်၌ ကန်ထရိုက်တိုက်ဆောက်နေ၏။

ဒီလိုအခြေအနေမျိုးတွင် ယခုကဲ့သို့သော "ဆရာဝန်တစ်ဦး အလိုရှိသည်" အလုပ်ကြော်ငြာမှာ ကျွန်တော့်အတွက် မျှော်လင့်ချက် ရောင်ခြည်တစ်ခုဖြစ်ပါသည်။

အလုပ်ခေါ်သူက ရန်ကုန်မြို့နှင့် မိုင် ၃၀ ခန့်ဝေးသောရွာကြီး တစ်ရွာကခေါ်တာပါ။ ဖြစ်ပုံကဒီလိုပါ။ တချို့ကျေးရွာကြီးများသည် မြို့ငယ်လေးတစ်မျှကြီးမားပြီး လျှပ်စစ်မီးရ၏။ သူတို့က သူတို့ရွာမှာ တိုက်နယ်ဆေးရုံရှိစေချင်၏။ တိုက်နယ်ဆေးရုံမရှိသောအခါ ရပ်မိ ရပ်ဖများ စုပေါင်းပြီး ရွာထဲတွင်ဆေးခန်းဆောက်ပြီး ဆရာဝန်လစာ ပေး၍ ခန့်ကြလေ့ရှိ၏။ သို့နှင့်ကျွန်တော်သည် ပြည် ဆေးရုံက ခွင့်တစ်ရက်ယူ၍ ကျွန်တော်၏ ဖွတ်ချက် ဖွတ်ချက်မော်တော်ဆိုင်ကယ်

အစုတ်ကလေးကိုစီးကာ ၄င်းရွာကြီးသို့ခရီးထွက်ခဲ့၏။ ရွာသို့ရောက် သော် ဆေးခန်းကြီးကြပ်ရေးအဖွဲ့ဖြစ်သော ရပ်မိရပ်ဖလေးငါးဦးလောက် နှင့်တွေ့၏။ သူတို့က ကျွန်တော်တို့အင်တာဗျူး၏။ မေးတဲ့မေးခွန်းက တစ်ခွန်းတည်းပါ။ 'ဆရာ လူပျိုလားခင်ဗျာ'တဲ့။ ကျွန်တော်က 'လူပျိုမဟုတ်ပါဘူး ခင်ဗျာ၊ အိမ်ထောင်နဲ့ သမီးနှစ်ယောက်ရှိပါတယ်'ဟု ဖြေ၏။ ဤတွင် အင်တာဗျူးပြီးပါပြီဟုပြော၏။ သူတို့အင်တာဗျူး တာပြီးတော့ 'ကျွန်တော်ကလည်း မေးပါရစေဦးခင်ဗျာ၊ ဆရာဝန်ကို လခဘယ်လောက်ပေးမှာလဲ'မေးတော့ 'ကျပ် ၁၅၀၀'ဟုဖြေ၏။ ဒီတော့ ကျွန်တော်က ပြောသည်မှာ 'ယခု ကျွန်တော်အလုပ်လုပ်နေသော NGO ဆေးရုံ၌ကျပ် ၂၀၀၀ ရကြောင်း၊ သတင်းစာကြော်ငြာ၌ ညှိနှိုင်း လစာဟုပါသဖြင့် လစာညှိနှိုင်းလားမေးရပါတယ်။ သူတို့ဟုတ်တဲ့။ ညှိနှိုင်းခွင့်ရှိပါတယ်။ ကျွန်တော်တို့ညှိနှိုင်းတိုးမြှင့်တဲ့အနေနဲ့လစာကို ကျပ် ၁၀၀ တိုးပေးပြီး ၁၆၀၀ ပေးပါမယ်ပြော၏။ ထို့နောက် သူတို့က ကျွန်တော့်အား ဆေးခန်းကို လိုက်ပြပါ၏။ ဆေးခန်းသို့သွားရာ လမ်းဝယ် ရွာသားတစ်ဦးက ကျွန်တော့်အား လက်တို့၍တိုးတိုးပြော သည်မှာ 'ဆရာကလည်း လူပျိုဟုတ်ဟုတ် မဟုတ်ဟုတ် ကျွန်တော် လူပျိုပါလို့ပြောလိုက်ရင်ပြီးတာပဲ၊ ဘယ်သူကရိုက်စစ်နေတာမှတ်လို့' ဟုဆိုပါ၏။ ကျွန်တော်က သူဘာကြောင့်ဒီလိုပြောတာလဲ နားမလည်ပါ။ ဆေးခန်းသို့ရောက်သောအခါ ဆေးခန်းကသပ်သပ်ရပ်ရပ်ပါ။ စမ်းသပ် ခန်း၊ ဆေးထိုးခန်း၊ လူနာစောင့်ဆိုင်ခန်းစသဖြင့် အင်္ဂါစုံပါတယ်။

ကျွန်တော်က မေးလိုက်၏။ 'ဆရာဝန်အတွက် နေစရာအိမ် ကရော'ဟုပြောတော့ သူတို့မဖြေနိုင်။ တစ်ယောက်ကတော့ လူနာခုတင် ကိုထိုးပြပါသည်။ ကျွန်တော်ကလည်း နားမလည်။ သို့နှင့်ဆက်မေးရ သည်မှာ 'အလုပ်ခေါ် ကြော်ငြာမှာ နေရေးစားရေး တာဝန်ယူတယ် ဆိုတော့ စားဖို့အတွက် ဘယ်သူကကျွေးတာလဲ'ဟုမေးပါ၏။ ဒီတော့မှ သူတိုကလည်း မျက်နှာပျက်ပျက် ခပ်ရှက်ရှက်နဲ့ပြောသည်က 'ဒီလိုပါ ဆရာ၊ အခုတော့ ပွင့်ပွင့်လင်းလင်းပဲပြောပါရစေတော့။ အရင်အလုပ် ထွက်သွားတဲ့ဆရာဝန်က လူပျိုပါ၊ တစ်ယောက်တည်းလာတော့၊ ဒီတော့အိမ်မလိုဘူး။ ဆေးခန်းထဲက

လူနာစမ်းသပ်တဲ့ခုတင်မှာ ညဘက် ကျတော့ အိပ်ရာခင်းလေး ခင်းပြီးအိပ်လိုက်တာပဲ၊ အဲဒါကိုကျွန်တော်တို့ က နေစရာတာဝန်ယူတယ်လို့ပြောတာပါ'ဟုပြော၏။ ကျွန်တော်က 'ဒါဆိုရင် စားဖို့တာဝန်ယူတယ်ဆိုတာကရော'ဟုမေးရ၏။ ထိုအခါ သူတို့က 'ဒီလိုပါဆရာ၊ အရင်ဆရာဝန်က လူပျိုပါ၊ ဒီတော့ရွာထဲက အပျိုကြီးတွေ ဆရာဝန်စားဖို့ နေ့စဉ်ထမင်းချိုင့်ပို့ရတယ်။ ဒီတော့ ဆရာဝန်ကလည်း ချက်မစားရဘူး။ ဝယ်လည်းမစားရဘူး။ စားရေး သောက်ရေး အလိုလိုပြေလည်တယ်၊ အဲဒါကို ရည်ညွှန်းပြီးစာရေး တာဝန်ယူတယ်လို့သတင်းစာမှာ ကြော်ငြာလိုက်တာပါ'ဟု ပြောရာ ကျွန်တော်စိတ်ပျက်မိ၏။ ကျွန်တော်က 'ဒါဆိုရင်လည်း သတင်းစာမှာ ကြော်ငြာကတည်းက ပွင့်ပွင့်လင်းလင်းကြော်ငြာပါလား။ လူပျိုဆရာဝန် ဖြစ်ရမယ်။ ဆေးခန်းခုတင်မှာအိပ်ရမယ်။ ရွာထဲက ထမင်းချိုင့်ပို့မယ် ဆိုပြီး ကြော်ငြာရောပေါ့ဗျာ။ ခုတော့ ဘုမသိ၊ ဘမသိနဲ့ကျွန်တော် လာရတာအချိန်ကုန်တယ်ဗျာ'ဟု ပြောရ၏။ သူတို့ကပြောသည်မှာ 'ပွင့်ပွင့်လင်းလင်းကြော်ငြာရင် ဘယ်သူမှ အလုပ်လာမလျှောက်မှာစိုး လို့ပါ'ဟုပြောပါ၏။

ဒီတော့ စဉ်းစားကြည့်ပါ။ ကြော်ငြာဟာ လှည့်ဖြားတဲ့ကြော်ငြာ ဖြစ်နေပါတယ်။ ဆရာဝန်တစ်ယောက်ရဲ့လုပ်အားခကို နှိမ်ပြီးပေးတဲ့အခါ ဘုမသိ၊ဘမသိနဲ့ဆရာဝန်ကို လူပျိုမှတ်ပြီး ထမင်းချိုင့်ပို့ရမယ်ဆိုရင် ခေါင်းပုံဖြတ်ခံရတဲ့ တတိယလူဆိုတာ ရွာထဲက အပျိုကြီးတွေဖြစ်နေတယ်။

ဒီတော့ အမြတ်ထုတ်ခံရတဲ့ တတိယလူနှစ်မျိုးဟာ ပထမ အမျိုးအစားက စားသောက်ဆိုင်မှာ တေးသံရှင်မိန်းကလေးတွေကို ပန်းကုံးစွပ်သော ပုရိသများ သို့မဟုတ် သနားစရာမကောင်းသော ခပ်ကဲကဲလူများဖြစ်တယ်။

ဒုတိယအမျိုးအစားကတော့ ရွာထဲမှာ ဆရာဝန်ကိုလူပျိုမှတ် ပြီး ထမင်းချိုင့်ပို့ပါသော် ထမင်းချိုင့်ပို့သော အပျိုကြီးများသည် လိမ်ညာခံရ၍ သနားစရာ တတိယလူများဖြစ်ပါသည်။

သင်ခန်းစာယူရန်

အလုပ်ခေါ်သောကြော်ငြာများမှာ မစားရဝခမန်းမြှုပ်ကွက်များ ကို သတိထားရပါမယ်။ ဒီကိစ္စက မိမိရဲ့အမိနိုင်ငံထဲမှာဖြစ်လို့ လက်မခံ ဘဲ ပြန်လာခဲ့ပါတယ်။ ဒါပေမယ့် တကယ်လို့များ တခြားနိုင်ငံမှာ အလုပ်သွားလုပ်တာဆိုရင် ပြန်လာစရာလေယာဉ်ခမရှိပါခင်ဗျား။ အခြေအနေအရ စားစရာမရှိတော့လို့ အခြားနိုင်ငံမှာလူပျိုယောင်ဆောင် ပြီး သူတို့နိုင်ငံက-ထမင်းချိုင့်ပို့မယ့် အပျိုကြီးတွေနဲ့လက်ထပ်လိုက် ရရင် ဆရာဝန်ပါ လူကုန်ကူးခံရသလို ဖြစ်မသွားနိုင်ပေဘူးလား စာဖတ်ပရိသတ်အပေါင်းတို့ခင်ဗျား။

တကယ်တော့ အပျိုကြီးတွေကို ညာစားတာမျိုး မကောင်းပါ ဘူးဟုဆိုချင်ပါကြောင်း။

***

## ၄။ စာရေးမလေး၏ ပဋ္ဌမမြောက်မျက်စောင်း

## လှလှလေးနှင့် ရင်ခုန်သွားသောမန်နေဂျာကြီး

## (24.6.2011-HR Journal)

အောက်ပါအဖြစ်အပျက်တစ်ခုကို လေ့လာကြည့်ကြစေချင် ပါသည်။

အချိန်ကာလသည်ကား လွန်ခဲ့သော ၁၉၉၇လောက်က အာဆီယံနိုင်ငံတစ်ခုတွင်ဖြစ်ပါသည်။ မစ္စတာပက်ထရစ်(နာမည်လွှဲ့) သည် JNGO ကျန်းမာရေးစီမံကိန်း၏ မြို့နယ်စီမံချက်မန်နေဂျာဖြစ်ပြီး အသက် ၅၈ နှစ်ရှိပါပြီ။ မစ္စတာပက်ထရစ်၏ မြို့နယ်စီမံကိန်းရုံးသည် နယ်စပ်ဒေသတွင်ရှိပါသောကြောင့် ဇနီးသည်ရိုစီပက်ထရစ်သည် လိုက်မလာနိုင်ပါ။ သူတို့၏ဇာတိမြို့တွင်

သူတို့၏မူလလုပ်ငန်းဖြစ် သော ကုန်စုံဆိုင်ကိုရောင်းချရင်း သားသမီးများကိုအုပ်ထိန်းကြီးကြပ် နေရစ်၏။

မစ္စတာပက်ထရစ်နှင့် ရိုစီပက်ထရစ်တို့သည် ငယ်လင်ငယ် မယားများဖြစ်ပြီး သက်တူရွယ်တူ ၂၈ နှစ်အရွယ်ကလက်ထပ်ခဲ့ရာ ယခုဆိုလျှင် မင်္ဂလာခရီးနှစ် ၃၀ တိုင်ခဲ့ပြီး သားသမီးငါးဦးထွန်းကား သည်။ နှစ် ၃၀ အတွင်းတည်ငြိမ်သောအိမ်ထောင်ရေးကိုဖြတ်ကျော်ခဲ့ သည်။ မစ္စတာပက်ထရစ်သည် လူရိုးအရာရှိတစ်ယောက်ဖြစ်သည်။ အာနိုးတို့လိုရုပ်ရုပ်ပွေပွေစရိုက်မရှိသလို အမေရိကန်သမ္မတဟောင်း ကလင်တန်ကဲ့သို့ ကြိတ်ပုန်းခုပ်တတ်သူမဟုတ်။ ပက်ထရစ် ၂၅ နှစ် အရွယ်က အသက် ၂၅ နှစ်အရွယ်ရိုစီကိုချစ်ရေးဆိုစဉ်က ပက်ထရစ် ရော ရိုစီပါရင်ခုန်ခဲ့ကြ၏။ သို့သော် အသက် ၂၈ နောက်ပိုင်းလက်ထပ် ပြီးသောအခါ အိမ်ထောင်သည်တွေဖြစ်၍ ရင်မခုန်ကြတော့ပါ။

သို့သော် ယခုအသက် ၅၈ နှစ်အရွယ်တွင် မစ္စတာပက်ထရစ် တစ်ဖန်ပြန်လည်ရင်ခုန်လာ၏။ နှလုံးရောဂါကြောင့် ရင်ခုန်လာတာ မဟုတ်။ သူ၏ JNGO ရုံးက ရှမီလားဒေဝီဆိုတာ အသက် ၂၅ နှစ် အရွယ်စာရေးမလေးကြောင့် ရင်ခုန်တာဖြစ်၏။ ရှမီလားဒေဝီကလည်း လှတယ်လို့ဆိုနိုင်ပါတယ်။

မစ္စတာပက်ထရစ်သည် မြို့နယ်တာဝန်ခံအရာရှိဖြစ်ရာ ပထမ ပိုင်းတွင် လူရိုးပီပီဝန်ထမ်းအားလုံးအပေါ်၌ သားသမီးကဲ့သို့အုပ်ချုပ်၏။ ဝန်ထမ်းမိန်းကလေးတွေထဲမှာလည်း ဘယ်သူကမှ အိန္ဒိယက မယ်စကြာဝဠာအက်ရှဝါရိုင်းလိုလှနေတာမဟုတ်၍ ဘယ်သူ့ကိုမှလည်း စိတ်မဝင်စားပါ။

သို့သော် တစ်နေ့တော့ ပစ္စတာပက်ထရစ်သည် သူနိုင်ငံ၏ မြို့တော်ရုံးချုပ်သို့ အစည်းအဝေးသွားရန်ကိစ္စပေါ်လာ၏။ သို့နှင့် သွားရန်ပြင်ဆင်နေစဉ် အသက် ၂၅ နှစ်အရွယ် ရုံးစာရေးမလေးရှမီလား ဒေဝီက ပက်ထရစ်အနားသို့ကပ်လာပြီး ဒီလိုပြောပါတယ်။

'ဆရာ ရုံးချုပ်အစည်းအဝေးသွားမလို့ဆို'

'အေး ဟုတ်တယ်'

'သမီးတစ်ခုလောက်မှာစရာရှိလို့'

'ဘာမှာမလို့လဲ'

'ဆရာအပြန်ကျရင် သမီးအတွက် ချောကလက်ဝယ်ခဲ့'

'အေး အေး ကြုံရင်ဝယ်ခဲ့မယ်'

သို့သော် အချိန်မရ၍မဝယ်ခဲ့ပါ။ ထိုအခါ သူမကမေးသည်မှာ

'ဆရာ သမီးအတွက်ချောကလက်ပါလား'

'ဆရာမေ့သွားလို့ မဝယ်ဖြစ်ဘူး။ ဆောရီး'

ထိုအခါ

'ဟာ ဆရာကလည်း'ဟုဆိုကာ မျက်စောင်းလှလှတစ်ချက် ထိုးလိုက်၏။ ရှမီလားဒေဝီသည် မျက်လုံးပြူးပြူးမျက်တောင်ကော့ ကော့ဖြစ်ရာ သူမထိုးသောမျက်စောင်းသည် မျက်စောင်းလှလှဖြစ်ကြောင်း မစ္စတာပက်ထရစ်သတိထားမိသည်။ ရှမီးလားဒေဝီသည် စစ်တုရင် စကားနှင့်ပြောရသော် တစ်ကွက်ရွှေ့လိုက်ပြီဖြစ်၏။ မကြာပါချေ။ နောက်သုံးလခန့်ကြာ မစ္စတာပက်ထရစ်သည် သူတို့နိုင်ငံ၏အိမ်နီးချင်း နိုင်ငံတစ်ခုဖြစ်သော နိုင်ငံဘန်ကောက်မြို့တွင် အပြည်ပြည်ဆိုင်ရာ ညီလာခံ International Seminar တစ်ခုတက်ရန် ၅ ရက်လောက်ခရီး ထွက်ရမည်ဖြစ်၏။ ထိုအခါ ခရီးထွက်ရန်အထုပ်အပိုးပြင်နေစဉ် ရှမီလားဒေဝီက မစ္စတာပက်ထရစ်အနားသို့ရောက်လာပြန်၏။

ပက်ထရစ်က 'ဘာကိစ္စလဲဟဲ့'လို့မေးလိုက်တော့ 'ရော.. ဆရာဖို့'ဟုဆိုကာ မာဖလာလည်စီးလေးတစ်ခုကိုလှမ်းပေး၏။ 'ဘာလဲဟဲ့'ဟုမေးလိုက်တော့ 'ဆရာက ဘန်ကောက်ကကြယ်ငါးပွင့် ဟိုတယ်ကြီးမှာ Workshop သွားတက်မှာမဟုတ်လား။

ဆရာလည်ချောင်း နာနေတာသမီးသိသားပဲ။ ကြယ်ငါးပွင့်ဟိုတယ်ရဲ့ Air Con ခန်းမှာ ဆရာလည်ချောင်းနာမသက်သာမှာစိုးလို့ ဘန်ကောက်သွားရင်ယူသွား ဖို့ မာဖလာလည်စီးကိုသမီးလက်နဲ့ကိုယ်တိုင်ထိုးထားတာ'ဟု ကန္တဲ့ ကလျပြောလိုက်၏။

ထိုအခါ မစ္စတာပက်ထရစ်က လှမ်းယူ၍ “Thank You”ဟု ပြောလိုက်၏။ ထိုအခါ 'ကျေးဇူးတင်ရင် မုန့်ဝယ်ခဲ့ရမယ်'ဟုပြော၍ မျက်စောင်းထိုးလိုက်ပြန်၏။ ထိုအခါ မျက်စောင်းလှလှလေးကို ဒုတိယ အကြိမ်သတိထားမိပြန်သည်။

သို့နှင့် မစ္စတာပက်ထရစ်သည် ဘန်ကောက်သို့ထွက်သွား ရာ 'အမ်မာရီအေထရီယမ်'အမည်ရှိ ဘန်ကောက်မြို့လယ်က ကြယ်ငါးပွင့် ဟိုတယ်ကြီးတွင် JMGO စရိတ်နှင့်တည်းခိုပြီး ၄င်းဟိုတယ်၏ခန်းမ ကြီးတစ်ခု၌ ဝပ်ရှော့လုပ်ရ၏။ Air Con က အလွန်အေး၏။ မစ္စတာ ပက်ထရစ်သည် မာဖလာလည်စည်းကလေးကို စည်းလိုက်တော့ လည်ချောင်းနာသက်သာသွား၏။ ရှမီးလားဒေဝီကို ကျေးဇူးတင်မိ၏။
သို့နှင့်တစ်ခုသောညနေဘက်ဝယ် ဟိုတယ်အပြင်ဘက်သို့လမ်းလျှောက် ရာ ဟိုတယ်အနီးက Seven Eleven အမည်ရှိ မီနီမားကတ်ကိုဝင်၍ ရှမီလားဒေဝီကို လက်ဆောင်ပေးရန် ချောကလက်ဝယ်၏။ ဝယ်ပေး ချင်တာက ရှမီးလားဒေဝီတစ်ယောက်ထဲကိုပါ။ သို့သော် ဒီလိုလုပ်ရင် မကောင်းတတ်၍ ရုံးဝန်ထမ်းအားလုံးအတွက် ဝယ်မှကောင်းမယ်ဟု စဉ်းစားမိ၍ ချောကလက်အတောင့် ၂၀ ဝယ်လိုက်၏။ မိမိဇနီးရိုစီ ပက်ထရစ်အတွက်ပင် ဘန်ကောက်အပြန်လက်ဆောင်ဝယ်ပေးဖို့မေ့ခဲ့ ၏။ ဒီလိုနဲ့မစ္စတာပက်ထရစ်သည် မိမိ၏မြို့နယ်စီမံကိန်းရုံးသို့ပြန် ရောက်သောအခါ ရုံးဝန်ထမ်းတွေကိုချောကလက်တစ်ယောက်တစ် ထောင့်ဝေပေးရာ အားလုံးပျော်ကြ၏။ သို့သော်မပျော်နိုင်သူက ရှမီလားဒေဝီဖြစ်၏။ တစ်ရက်လောက်ကြတော့ ရှမီလားဒေဝီကနှုတ်ခမ်း ကိုမစူတစူလုပ်၍ မစ္စတာပက်ထရစ်အနားသို့ကပ်လာ၏။ ထိုအခါ 'ဆရာ'ဟုခေါ်လိုက်ရာ 'ဟေ ဘာကိစ္စလဲ' 'သမီးဖို့ဘန်ကောက်ကဘာ ပါလဲ' 'ဟဲ့ ချောကလက်ပေးပြီးပြီမဟုတ်လား'

'ဟာ ဆရာကလည်း သူများတွေနဲ့အတူတူဝယ်ပေးတဲ့ ချောကလက်ဆိုရင်

မစားချင်ဘူး။ သမီးတစ်ယောက်ထဲကိုသပ်သပ် တစ်ခုခုဝယ်ပေး'ဟုဆိုကာ မျက်စောင်းလှလှတစ်ချက်ထိုးလိုက်ရာ ရှမီးလားဒေဝီ၏ တတိယမျက်စောင်းဖြစ်၏။ သို့နှင့်မစ္စတာပက်ထရစ် သည် ဈေးထဲသွား၍ချောကလစ်ကွတ်ကီးမုန့်တစ်ထုပ်ကို သိုသိုသိပ်သိပ် ဝယ်ကာ ရုံးဝန်ထမ်းတွေအလစ်၌ ရှမီးလားဒေဝီကိုပေးလိုက်ရာ ရှမီလား ဒေဝီက 'ဒါမှ တို့ဆရာကလိမ္မာတာ'ဟုပြောပြီး မျက်စောင်းလှလှလေး တစ်ချက်ထိုးလိုက်ပြန်ရာ စတုတ္ထမျက်စောင်းဖြစ်၏။

စတုတ္ထမျက်စောင်းလှလှလေးထိုးအပြီးမှတော့ မစ္စတာပက် ထရစ်သည် ရှမီလားဒေဝီနှင့်ပတ်သက်၍ ရင်နည်းနည်းခုန်သွားပါ၏။

ထိုစဉ် ရုံးတွင်၌ Junier Account ခေါ် လက်ထောက်စာရင်း ကိုင်နေရာတစ်ခုလစ်လပ်ရာ ဘွဲ့ရပြီးစာရေးများလျှောက်ထား၏။ ရာထူးအတွက် စာမေးပွဲဖြေရ၏။ ရှမီလားဒေဝီလည်း ရာထူးတိုးစာမေး ပွဲဖြေ၏။ ရှမီလားဒေဝီ၏ပညာအရည်အချင်းက BA.DA(LCCJ) ဖြစ်ပြီး တခြားယောကျ်ားလေးတစ်ဦးဖြစ်သူ မစ္စတာပရမ်းကူးမားဟူ သော စာရေးလေး၏ ပညာအရည်အချင်းက B.Com ဖြစ်၏။ သူတို့ နှစ်ယောက် အမှတ်အများဆုံးဖြစ်ပြီး အမှတ်တူနေ၏။ မစ္စတာ ပက်ထရစ်က မျက်နှာလိုက်ပြီး ရှမီလားဒေဝီသည် ရာထူးတိုးသင့်ကြောင်း ထောက်ခံလိုက်ရာ စီမံကိန်းကိုအုပ်ချုပ်သော နိုင်ငံခြားသားကအတည်ပြု၍ ရှမီလားဒေဝီသည် Junior Account အဖြစ် ရာထူးတိုး၏။ ထိုအခါ ရှမီလားဒေဝီသည် ကျေးဇူးတင်ကြောင်း မစ္စတာပက်ထရစ်ကို မျက်စောင်းလှလှလေးထိုးပြန်ရာ ပဥ္စမမျက်စောင်းဖြစ်၏။

ထိုအခါ အသက် ၅၈ နှစ်ရှိ မစ္စတာပက်ထရစ်အတွေးထင် သည်မှာ ရှမီလားဒေဝီသည် မိမိကိုရေလာမြောင်းပေးလုပ်သည်ထင်မိ ၏။ မိမိကလည်း နည်းနည်းရင်ခုမိဖြစ်ရာ ရှမီလားဒေဝီကို ရည်းစား စာပေးမိတော့၏။ ထိုအခါ အရှက်လှလှကြီးကွဲတော့၏။ ရှမီလားဒေဝီ က လုံးဝငြင်းလိုက်၏။ တကယ်တော့ ရှမီလားဒေဝီမှာ ချစ်သူရှိတယ်။ သူရဲ့ရည်းစားကောင်းလေးနာမည်က ရှမ်ဘဲကူမားဆိုတဲ့

MBBS ဘွဲ့ရ အသက် ၃၀ အရွယ်ဆရာဝန်လေးပါ။ သူကလည်း INGO တစ်ခုမှာ အလုပ်လုပ်ရင်း Senier Project Officer လုပ်နေပြီ။

ဒီတော့ သူတို့လက်ထပ်ကြတော့ ရှမီလားဒေဝီက လောင်ပြုံး လေးလား၊ ဘာလား၊ ညာလား ဝေခွဲရခက်သော အပြုံးနဲ့အတူ မစ္စတာ ပက်ထရစ်ကို မင်္ဂလာဆောင်ဖိတ်စာပို့ရင်း အလုပ်မှနုတ်ထွက်လွှာလည်း တင်သွားပါတယ်။

ဇာတ်ပေါင်းသော် မစ္စတာပက်ထရစ်သည်

- မာဖလာလေးတစ်ခုလက်ဆောင်ရ၏။

- မျက်စောင်းလှလှလေးများကြိမ်ဖန်များစွာ ထိုးခံရ၏။

- နွဲ့ဆိုးဆိုးတာခံရ၏။ ရင်ခုန်သွား၏။

- ရာထူးတိုးကိစ္စတစ်ခုမှာ မျက်နှာလိုက်မိ၏။

ရှမီးလားဒေဝီသည်

- ဘန်ကောက်က ချောကလစ်နှင့်ဈေးထဲကကွက်ကီးမုန့်လက်ဆောင် ရ၏။

- မျက်နှာလိုက်ခံရပြီး ရာထူးတိုး၏။

- မူလ INGO က နုတ်ထွက်ပြီး INGO အသစ်တွင် အရာရှိရာထူး ရသွား၏။

- မစ္စတာပက်ထရစ်ကိုလှည့်စားလိုက်ရ၍ ပျော်ရွှင်မိ၏။

နိဂုံး

မစ္စတာပက်ထရစ်သည် မိမိ၏ရည်စားစားကို ရှီမီလားဒေဝီက အင်တာနက်ပေါ်တင်မှာလန့်နေပြီး တစ်လလောက်အိပ်မပျော်ပါ။ သို့သော် ရှမီးလားက ဒီလိုမလုပ်၍ ကျေးဇူးတင်ရပါ၏။

သင်ခန်းစာ

ရေလာမြောင်းပေးလုပ်တိုင်း ရည်စားစာမရေးသင့်ပါ။ ရေလာမြောင်းပေးလုပ်တယ်ဆိုတာ မိန်းကလေးတချို့၏ ဗျူဟာတစ်ခုသာ ဖြစ်ပါ၏။ အရာရှိမန်နေဂျာကြီးများသတိပြုရန်လိုသည်ဟုဆိုပါကြောင်း။

ဖြေရှင်းချက်

ဤဆေးပါး၏ ဇာတ်လိုက် JNGO အရာရှိ မစ္စတာပက်ထရစ် (နာမည်လွှဲ)သည် စာရေးသူဒေါက်တာထွန်းဝင်း (ကိုယ်တိုင်)လုံးဝ (လုံးဝ)မဟုတ်ရပါ။ မစ္စတာပက်ထရစ်နှင့်ဒေါက်တာထွန်ဝင်းတို့သည် သီးခြားတစ်ဦးစီးဖြစ်ပါကြောင်း။

## ၅။ အခန်း၀၀လိုချင်သူ

တစ်ခါတုန်းက မြန်မာနိုင်ငံတွင်အလုပ်လုပ်သော NGO တစ်ခုတွင် ဂျပန်နိုင်ငံသား မစ္စတာအိဆု ဆိုသူအလုပ်လာလုပ်သည်။ သူ၏လက်အောက်၌ မြန်မာအရာရှိတွေအလုပ်လုပ်ကြပါသည်။ မစ္စတာ အိစုသည် အသက်(၃၅)နှစ်ရှိပြီး သဘောကောင်းသည်။ ပြုံးပြုံး၊ပြုံးပြုံး နဲ့နေတတ်သည်။ သူသည်ရုံးတက်သောအခါ အခြားနိုင်ငံခြားသား ကဲ့သို့ ဘောင်းဘီရှည်၊ လည်စည်း(နက်ကတိုင်)ဝတ်လေ့မရှိဘဲ ရခိုင်ပုဆိုးနဲ့တိုက်ပုံဝတ်သည် မြန်မာစကားကိုသင်ယူနေတယ်လို့ဆိုပါ တယ်။ သူကိုအစည်းအဝေး၌ မြန်မာတွေက ဂွတ်ဒ်မောနင်း၊ (ကောင်းသောနံနက်ခင်းပါ)လို့နှုတ်ဆက်ရင် သူကပြုံး၍ မင်းဂလားဘား (မင်္ဂလာပါ)ဟု မြန်မာလိုပြန်ပြောရာ လုပ်ဖော်ကိုင်ဖက်တွေပြုံးကြရသည်။

တစ်နေတော့ မစ္စတာအိဆုနှင့် မြန်မာအရာရှိအချို့ ပုဂံ ရှေးဟောင်းမြို့တော်ကို ခရီးထွက်သည်။ အိဆုက မြန်မာစကားတတ် ကြောင်း သိပ်ကြွားချင်နေသည်။ ပုဂံမြို့က ဟိုတယ်ကိုရောက်တော့ အိဆုက သူများထက် ဦးအောင်ကားပေါ်ကခုန်ဆင်းပြီး ဟိုတယ်ဧည့်ကြိုစာရေးမလေးတွေကို မြန်မာလိုဒီလိုပြောပါတယ်။

"အခန်း ၀၀ လိုချင်တယ်၊ အခန်း ၀၀လေးပေးပါ" ဟိုတယ် စာရေးမလေးတွေ ပထမတော့နားလည်ပါ။ နောက်တော့မှ အခန်း ကျယ်ကျယ်လိုချင်တာကိုပြောတာဖြစ်မယ်ဆိုတာ ရိပ်မိတယ်။ ဒီတော့ အခန်းကျယ်ကျယ်ပေးပြီး ဒီလိုပြောလိုက်ပါတယ်။

"အခန်း၀၀လို့ မပြောရဘူး။ အခန်းကျယ်ကျယ်လို့ပြောရ တယ်"ဟုဆိုပါတယ်။ ဒီတော့ မြန်မာဘာသာကိုသိပ်ပြီး စိတ်ဝင်စား နေတဲ့ အီဆုက ချက်ခြင်းဘဲမှတ်စုစာအုပ်ကိုထုတ်ပြီး "၀၀ဆိုတာ ကျယ်ကျယ်ဖြစ်တယ်"လို့ မှတ်လိုက်ပါတယ်။

ဒီလိုနဲ့နောင်(၂)လလောက်ကြာတော့ မစ္စတာအိဆုကိုအစည်း အဝေးလုပ်ကြပါတယ်။ အဲဒီမှာ မစ္စတာအိဆုနဲ့ အခြားမြန်မာအရာရှိ တွေရောက်နေကြပြီး ရပ်ဝေးက အစည်းအဝေးလာတတ်တဲ့ ဒေါ်တင်တင် ဆိုတဲ့အရာရှိမကြီးရောက်မလာသေးဘဲ တော်တော်ကြာမှရောက်လာ ပါတယ်။ ဒေါ်တင်တင်က အသက်(၄၀)နှစ်အရာရှိမကြီး အပျိုကြီး ချောချောဖြစ်ပါတယ်။ အပျိုကြီး ဒေါ်တင်တင်ဟာ အိန္ဒြေကြီးတဲ့အပျိုကြီးပါ။

ဒေါ်တင်တင်ဟာ အစည်းအဝေးခန်းထဲကိုရောက်လာပါ တယ်။ မတွေ့ရတာကြာပြီဖြစ်တဲ့ ဒေါ်တင်တင်ဟာ လှလို့ဝလို့ဖြစ် နေပါတယ်။ အလှပြင်နေလို့ နောက်ကျတာပါ။ အပျိုကြီးဒေါ်တင်တင် ဟာ စိတ်ချမ်းသာလို့လားမသိဘူး၊ နဲနဲဝလာပါတယ်။ အစည်းဝေးခန်း ကိုရောက်တော့ ဒေါ်တင်တင်က မစ္စအိဆုကို (ဟဲလို..ဂွတ်ဒ်မောနင်း အိဆု)ဆိုပြီး ဘိုလိုနှုတ်ဆက်တယ်။ ဒေါ်တင်တင်နဲနဲဝလာတာကို အိဆု ကသတိထားမိတယ်။ ဒီတော့ ပြန်လည်နှုတ်ဆက်လိုက်ပုံက

''ဟေ့ တင်တင်...မင်းဒီတခေါက်နဲနဲကျယ်လာပါလား''ဟု မြန်မာစကားနဲ့ နှုတ်ခွန်းခဆက်သလိုက်ပါကြောင်း . . .။

ဤကိစ္စ၌သင်ခန်းစာယူရန်

တကယ်တော့ မစ္စတာအိဆုက ဒေါ်တင်တင်ကိုဝလာပါလား လို့နှုတ်ဆက်ချင်တာပါ။ ကျယ်လာပါလားလို့ နှုတ်ဆက်မိတယ်။ ဒီတော့ ဒေါ်တင်တင်ရဲ့ မျက်စိနဲ့ပါးစပ်တို့ကျယ်လာသလိုလို အဓိကပွါယ်ပေါက်ကုန်တော့ တစ်လွဲအဓိပ္ပါယ်ဖြစ်ပါတယ်။ ရယ်စရာ ဒါဟာဘာလဲဆိုတော့ ဗမာစကားကို နဲနဲဘဲတတ်တော့ တတ်ယောင် ကားဖြစ်တာပေါ့။

ဒါကြောင့် တတ်ယောင်ကား ဗဟုသုတစာ ကြောက်စရာ ကောင်းတယ်လို့ဆိုချင်တယ်။

"A LITTLE KNOWLEDGE IS A DANGEROUS THING"
ရယ်လို့စကားပုံရှိပါတယ်။

***

## ၆။ လူမိခံလိုက်သော ကျွန်တော်၏ရည်းစားစာများ

### ကျွန်တော့်ဘိုးဘိုး သေတော့ကျန်ခဲ့သည့် ထူးဆန်းသောပစ္စည်း

လွတ်လပ်ရေးရခါစက ကျွန်တော့်ဘိုးဘိုးဟာ နိုင်ငံ့ဝန်ထမ်းပါ။ ဘိုးဘိုး ဟာ နိုင်ငံ တစ်ဝန်း ကုန်သည်၊ လုပ်ငန်းရှင်တွေဆီက အမြတ်တော်ခွန် ကောက်ဖို့ တာဝန်ရှိသူတစ်ယောက်ဖြစ်လို့ သူသာလာဘ်စားပြီး ကုန်သည်ဆွေဆီ က ပိုက်ဆံတောင်းရင်း ဘိုးဘိုးဟာ ရောမသူဌေးကြီး ဖြစ်မှာပါ။ ဒါပေမဲ့ လခကလွဲလို့ ဘာမှမယူခဲ့ဘူး။ ဘိုးဘိုးရဲ့အိပ်ခန်းထဲ မှာ သံသေတ္တာ ကြီးတစ်လုံးရှိတယ်။ အဲဒီသံသေတ္တာကြီးကို ဘိုးဘိုး တစ်ယောက်က လွဲလို့မဖွင့်ရဘူး။ ဘွားဘွားကလည်း စပ်စပ်စုစုမိန်းမသား မဟုတ်လို့ မဖွင့်ဘူး။ တကယ်လို့များ တစ်ယောက်ယောက်က အထင်လွဲမယ် ဆိုပါတော့။ အရာရှိတစ်ယောက် လာဘ်စားလို့ရတဲ့ ရွှေငွေရတနာတွေကို အဲဒီသေတ္တာထဲမှာ ဝှက်ထားလိမ့်မယ်လို့ထင်ရင် စိတ်မဆိုးပါဘူး။ ဒါပေမဲ့ ရှင်းပြစရာတော့ရှိတယ်။ တစ်နေတော့ သင်္ခါရ သဘောတရားအရ ဘိုးဘိုးအနိစ္စရောက်ပါတယ်။ ဒီတော့ ဘိုးဘိုးရဲ့ ကျန်ခဲ့တဲ့ သေတ္တာကြီးကိုဘွားဘွားက ဖွင့်လိုက်တယ်။ အဲဒီအခါ ဘွားဘွားဟာ မျက်လုံးတွေဝိုင်းသွားအောင် အံ့ဩသွားတော့သည်။

ကဲ စာရှုသူများခင်ဗျာ . . ဘာတွေရှိမယ်ထင်ပါသလဲ။ ဘိုးဘိုး ရဲ့ ပညာအရည်အချင်းကတော့ ဘီအေအက်ဖြစ်ပါတယ်။ ဘိုးဘိုးဟာ အင်္ဂလိပ်ခေတ် တက္ကသိုလ်ကျောင်းသား၊ ပိျုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်၊ ဘိုးဘိုးဆယ်ကျော်သက်ဘဝက တက္ကသိုလ်မှာ ရည်စားတွေရှိတယ်။ အဲဒီတုန်းက ရည်စားစာတွေကို ဘိုးဘိုးက သံသေတ္တာထဲမှာသိမ်းထား တာပါ။

ဘွားဘွားမဟုတ်တဲ့ တခြားမိန်းကလေး တော်တော်များများနဲ့ လည်း ဘိုးဘိုးက ရည်စားဖြစ်ဖူးတာကိုး။ အဲဒီတုန်းက ရည်စားစာကို ဘွားဘွားနဲ့ အိမ်ထောင်ပြုချိန်မှာ ဘိုးဘိုးက မဖျက်ဆီးဘဲသိမ်းထားပါ တယ်။

ကောက်ချက်ဆွဲရရင်တော့ ဘိုးဘိုးက ဘွားဘွားကိုပေးဆပ်ဖို့အချစ်ကြွေးတင်ရှိပါတယ်။ ဘိုးဘိုးဟာ တက္ကသိုလ်မှာ နှလုံးသားအရှုပ်အရှင်းနည်းနည်းရှိခဲ့တယ်။ အဲဒါကို ဖွားဖွားကမိသွားဖြစ်ပါတယ်။

ကျွန်တော်တွင် ဝှက်ထားမိသော ပစ္စည်းတစ်ထုပ်တော့ရှိဖူးပါ၏။

ကျွန်တော် သုံးကြိမ်လက်ထပ်ခဲ့ဖူးပြီး ဇနီးသုံးယောက်ရခဲ့ဖူး ပါတယ်။ စာရှုသူတို့ရတ်တရက် အထင်မကြီးစေချင်ပါ။ (အဲ... ယောင်လို့ပါ) အထင်မသေးစေချင်ပါ။ ပထမဇနီးနဲ့ကွဲ၊ ဒုတိယဇနီးက အနိစ္စရောက်ပြီး ယခုတတိယဇနီးနဲ့နေထိုင်ပါတယ်။ တစ်ပင်လဲမှ တစ်ပင်ထူတာဖြစ်ပါတယ်။

ဒါပေမဲ့ထားဖူးတဲ့ ရည်စားကသုံးယောက်မကပါ ခင်ဗျာ။ ကျွန်တော် ၁၅ နှစ်သားလောက်တုန်းက မိန်းကလေးတွေကို ရည်းစား စာပေးတော့ မိတ္တူလေးတွေ ကူးထားဖူးတယ်။ သူတို့ကပြန်ပေးတဲ့ ရည်စားစာတွေ၊ ဓာတ်ပုံတွေ၊ ပို့စ်ကတ်တွေကို ကျွန်တော်သိမ်းထား ပါတယ်။ အရင် ဇနီးနှစ်ယောက်လက်ထက်က အဲဒီရည်စားစာတွေကို ဝှက်ရတာလွယ်ပေမဲ့ တတိယဇနီးနဲ့ကျတော့ ပြဿနာပေါ်ပါတော့ တယ်။ ကျွန်တော့်လက်ရှိဇနီးက တစ်ချိန်က မကွေးတိုင်း ၂၁ မြို့နယ် ကာယအလှမယ်ပြိုင်ပွဲမှာ ဒုတိယရဖူးသူပါ။ သူမက လှသလောက် မာနမကြီးပေမဲ့ သဝန်တိုပါတယ်။ သူမက ကျွန်တော်ရဲ့အရင်ရည်းစား ဟောင်းပုံတွေရှိရင် ဖျက်ဆီးပစ်ဖို့ ရာဇသံပေးဖူးလို့ ကျွန်တော်ဟာ ဆယ်ကျော်သက် ဘဝလောက်ကတည်းက နှစ် ၃၀လောက်ကြာအောင် သိမ်းခဲ့ရတဲ့ ရည်းစားစာတွေကို ဘယ်မှာဝှက်ရမလဲ ဦးနှောက်ခြောက်ရ ပါတော့တယ်။ နောက်တော့မှ အကြံရပါတယ်။ ကျွန်တော် JNGO မြို့နယ်ရုံးမှာ အလုပ်လုပ်တုန်းက ကျွန်တော့်ရုံးခန်း ဗီရိုထဲမှာ ဝှက်ထား ဖို့ဆုံးဖြတ်ပြီး ဝှက်ထားလိုက်ပါတယ်။ ရုံးအဖွဲ့ကို ကျွန်တော်က ဒီလို ပြောခဲ့တယ်။ "ဟေ့ ... ငါ့ရုံးခန်းထဲက ဗီရိုကို ဘယ်သူမှမဖွင့်ရဘူး။ ဖွင့်ရင်

ငါနဲ့အတွေ့ပဲ''လို့ ပြောလို့ ဘယ်သူမှ မဖွင့်ရဲကြဘူး။

တစ်နေ့တော့ ကျွန်တော် မော်တော်ဆိုင်ကယ်တစ်စီးနဲ့ ရွာတွေဆီ ရုံးကိစ္စနဲ့ခရီးထွက်ပါတယ်။ အဲဒီနေ့မှာ ရုံးတည်ရှိရာ ရပ်ကွက် မှာမီးလောင်ပါတယ်။ ရုံးအဖွဲ့က ရုံးကို မီးကူးစက်မှာစိုးလို့ အရေး ကြီးတဲ့ ကွန်ပျူတာ၊ ပရင်တာထုပ်ပိုးကြပါတယ်။ ဒါပေမဲ့ သူတို့မဖွင့်ရဲ တာက ကျွန်တော့်ရုံးခန်းထဲက ဗီရိုကြီးပါ။ အဲဒီအချိန်မှာ ကျွန်တော့် ဇနီးက အနီးအနားရပ်ကွက်မှာ ကိုယ်ပိုင်ဈေးဆိုင်ဖွင့်နေပါတယ်။ ကျွန်တော့်တပည့်တွေက ကျွန်တော့်ဇနီးဆိုင်ပြေးကြပြီး ဒီလိုပြောပါတယ်။

''အစ်မရေ ... ကယ်ပါဦး''

ဇနီးကလည်း ''ဘာများလဲ''လို့မေးတဲ့အခါ သူတို့ကရုံးနားမှာ မီးလောင်နေတယ်။ ပစ္စည်းရွှေ့ဖို့ ဆရာဦးထွန်းဝင်းဗီရိုကို ကျွန်တော် တို့မဖွင့်ရဲဘူး။ အစ်မလိုက်ဖွင့်ပေးပါဆိုလို့ ကျွန်တော့်ဇနီးလည်းစိုးရိမ် စိတ်နဲ့ရုံးကို လိုက်လာပြီး ကျွန်တော်ဗီရိုကို ဖွင့်လိုက်တယ်။ အဲဒီအခါ လွန်ခဲ့တဲ့နှစ် ၃၀ လောက်က ကျွန်တော်ရေးခဲ့တဲ့ ရည်စားစာတွေ၊ မိန်းကလေးတို့ဆီက ပြန်စာ၊ ဓာတ်ပုံစတာတွေကို အမိခံလိုက်ရပါ တယ်။ ကျွန်တော့်ဘိုးဘိုးက သေပြီးမှ ရည်စားစာ မိတာပါ။ ကျွန်တော် ကတော့ အရှင်လတ်လတ်အမိခံလိုက်ရတယ်။ ဒါနဲ့အဲဒီအထုပ် ဖျက်ဆီးခံလိုက်ပါတော့တယ်။

ဖိုးဖိုးရဲ့ရည်စားတွေကို ဖွားဖွားမိတော့ ဖိုးဖိုးကကွယ်လွန်ပြီး ဖြစ်လို့ ဖွားဖွားခမြာ ဖိုးဖိုးကိုရန်တွေ့လို့မရတော့ပါဘူး။ ကျွန်တော်ရဲ့ ရည်းစားတွေကို ကျွန်တော်ဇနီးက မိလိုက်တော့ ကျွန်တော်ရန်တွေ့တာ ကို တော်တော်ခံလိုက်ရလို့ ဒီနေရာ မှာ ဖိုးဖိုးလောက် ကျွန်တော် ကံမကောင်းဘူးလို့ ထင်မိတယ်လို့ ဆိုချင်ပါကြောင်း။

သင်ခန်းစာ

တကယ်တော့ ငယ်ငယ်တုန်းက ရည်းစားစာတွေကိုသိမ်းထား တယ်ဆိုတာ အလုပ်ရှုပ်တာပါဘဲ။